# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 23 , 2026 Volume 103 , Number 17


**၂၃.၆.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၇.၂၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၄၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၇.၇၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၉.၅၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၆.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၂၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## နတ်တလင်းခရိုင်၊ သဲကုန်းမြို့ရှိ ဈေးကွက်ဝင်သခွားသီးဈေးကွက်



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ညောင်ဝင်းအုပ်စု လက်ပံပင်လေးကျေးရွာ တောင်သူဦးသန်းဝင်းစိုက်ပျိုးထားသော သခွားသီးစိုက်ခင်းသို့ သွားရောက်ကာ တစ်ကေကုန်ကျစရိတ် တစ်ကေအထွက်နှုန်း တစ်ကေအကျိုးအမြတ်နှင့် ဈေးကွက်ဈေးနှုန်းအခြေအနေတို့အား သွားရောက်လေ့လာခဲ့ပါသည်။

တစ်ကေစိုက်ပျိုးရာတွင် မျိုး၊ ထွန်ယက်ခနှင့် ဓာတ်မြေဩဇာ အပါအဝင် ကုန်ကျစရိတ်ပေါင်း (၈)သိန်းကျော်ကုန်ကျပြီး သခွားသီးတစ်လုံးလျှင် (၇၀၀)ကျပ် ရောင်းချရ၍ (၃)ရက်လျှင် တစ်ကြိမ်ခူးဆွတ်ရောင်းချပြီး တစ်ရာသီစိုက်ပျိုးလျှင်(၅)သိန်းကျော် အမြတ်ရရှိသည်။ ကုန်စိမ်းဒိုင်များမှ လာရောက်သယ်ယူကာ ကုန်စိမ်းကားများဖြင့် ရန်ကုန်မြို့နယ် ဒညင်းကုန်းဈေးကြီး အတွင်းသို့ ပို့ဆောင်ရောင်းချပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် တောင်သူများအကျိုးအမြတ်ရရှိကာ စီးပွားဖြစ်သီးနှံအဖြစ် ဆက်လက် စိုက်ပျိုးလုပ်ကိုင်သွားမည် ဖြစ်ကြောင်းသိရှိရပါသည်။

**Source: https://www.doca.gov.mm/**

## ပြည်မြို့၏ အရောင်းအဝယ်ဖြစ်နေသော ဖားမျိုးစုံဈေးကွက်

ပြည်မြို့တွင် ဇွန်လပထမပတ်၌ မြို့မစည်ပင်သာယာဈေးကြီးနှင့် အခြားဈေးများတွင် ဖားသား (အစို) မီးကင်ထားသည့် ဖားမျိုးစုံရောင်းချလျက်ရှိပါသည်။ တွင်းအောင်းစာများတွင် တစ်ခုအပါအဝင်ဖြစ်သည့်ဖားသည် အခါးလည်းမဟုတ် အချိုလည်းမဟုတ်၊ အဆီများသော ပထဝီဓာတ်နှင့်လေပွစေသော ဝါယောဓာတ်ပျက်ပေါင်းစပ်ထားသော အစာတစ်မျိုးဖြစ်ပါသည်။ ယခုလို မိုးဦးကျကာလတွင် လယ်များထဲမှ



ရရှိသော ဖားမျိုးစုံကို ဈေးကွက်ထဲတွင် လှိုင်လှိုင် ရောင်းချလျက်ရှိပြီး အရောင်းအဝယ်လည်း ဖြစ်ကြသည်။ ယခုနောက်ပိုင်းတွင် ဖားကို တစ်နိုင်တစ်ပိုင် စီးပွားဖြစ် မွေးမြူလာသောသူများ များပြားလာပြီး ဖားသားပေါက်များကိုဝယ်ယူပြီး ကန်များဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ဖားသားပေါက်များကို ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ကဒပွနကျေးရွာတို့တွင် ကန်များဖြင့်မွေးမြူကြပြီး ဈေးကွက်ရှိသဖြင့် ဖားအကောင်ကြီးများကို နယ်စပ်အထိ တင်ပို့ရောင်းချကြောင်း သိရှိရသည်။ အိမ်ရှင်မများအနေဖြင့် ဖားများကို ဗမာပင်စိမ်းနိုင်နိုင်ဖြင့် အညာချက် ချက်ကြသလို၊ စားသောက်ဆိုင်များကလည်း တရုတ်စတိုင်၊ ဗမာချက်စသည့် နည်းမျိုးစုံ ချက်ပြုတ်ရောင်းချသဖြင့် ဖားမှာဈေးကွက်ရှိသော အစားအစာတစ်မျိုးလည်းဖြစ်သည်။ ဖားမျိုးစုံကို ပြည်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများနှင့် အခြားမြို့နယ်များမှ ဖားစို (ဖားမီးကင်) များကို ပြည်မြို့ မြို့မစည်ပင်သာယာဈေးကြီးနှင့် အခြားဈေးများတွင် ကိုယ်တိုင်လာရောက်ရောင်းချသူများရှိသလို တစ်ဆင့်ခံအသယ်များဖြင့်ရောင်းချကြသည်။ ပြည်မြို့ရှိဈေးများတွင် ဖားအိုင်း၊ ဖားပေါင်ရှည်၊ သဲဖား၊ ကျော်ဇံကေးအစရှိသောဖားများကို ပေါ်ဦးပေါ်ဖျား၌ တစ်ဆယ်သားလျှင် ကျပ် (၇၀၀၀) ရှိသော်လည်း ယခုဇွန်လပထမပတ်၌ ဖားများပေါ်များလာသဖြင့် ဖားပေါင်ရှည် တစ်ဆယ်သားလျှင် ကျပ် (၃၀၀၀)၊ သဲဖားတစ်ဆယ်သားလျှင် ကျပ် (၄၀၀၀)နှင့် ကျော်ဇံကေးဖား တစ်ဆယ်သားလျှင် ကျပ် (၃၀၀၀) တို့အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**Source: https://www.doca.gov.mm/**

## ရန်ကုန်–မော်လမြိုင် DEMU ရထားလက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် လာမည့်ဇွန် (၂၄)ရက်တွင် ရောင်းချသွားမည်



ရန်ကုန်–မော်လမြိုင် DEMU ရထားလက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် လာမည့်ဇွန် (၂၄)ရက်တွင် ရောင်းချ သွားမည် ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးထံမှ သိရသည်။ လက်ရှိတွင် Online Railways Ticketing and Payment System (ORTP) စနစ်ဖြင့် ရန်ကုန်–မန္တလေး–ရန်ကုန်နှင့် ရန်ကုန်–နေပြည်တော်–ရန်ကုန် DEMU ရထားခရီးစဉ်များသာ ရောင်းချမှုများရှိနေကြောင်း သိရသည်။

"ပြေးဆွဲမှာက ဇူလိုင်လ (၁)ရက်နေ့ပြေးဆွဲမှာ။ လက်မှတ်ကတော့ (၇)ရက်ကြိုရောင်းမှာ ဇွန်လ (၂၄)ရက်ပါ။ အွန်လိုင်းကပဲရောင်းမှာ ဘူတာကမရောင်းဘူး။ မော်လမြိုင်မှာရှိတဲ့ ရထားနှစ်စီးလုံး အွန်လိုင်းကပဲဖြစ်မယ်"ဟု မော်လမြိုင်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက NP News ကိုပြောသည်။

ရန်ကုန် – မော်လမြိုင်ခရီးစဉ်အတွက် အမှတ်(၈၃)အဆန် DEMU ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် (၅) နာရီအချိန်တွင် စတင်ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ နံနက် (၁၁) နာရီအချိန်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မော်လမြိုင်– ရန်ကုန်ခရီးစဉ်အတွက် အမှတ်(၈၄)အစုန် DEMU ရထားသည် မော်လမြိုင်ဘူတာမှ မွန်းလွဲ (၁) နာရီအချိန်တွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ ည (၇) နာရီအချိန်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ DEMU ရထားခရီးစဉ်များအတွက် လက်မှတ်ခများကို အကြမ်းဖျင်းအနေဖြင့် ပထမတန်းလျှင် ငွေကျပ် (၁၆,၀၀၀) နှင့် အထက်တန်းလျှင် ငွေကျပ် (၂၂,၀၀၀) ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ရပ်တန့်သွားမည့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ဝေါ၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ နှင့် ပေါင်ဘူတာများဖြစ်ကြောင်း သိရသည်။

ရန်ကုန် – မော်လမြိုင်ခရီးစဉ်အတွက် အမှတ် (၈၁) အဆန် ရထားအား ရန်ကုန်ဘူတာကြီးမှ နံနက် (၇) နာရီ (၃၀) မိနစ် အချိန်တွင် ထွက်ခွာပြီး မော်လမြိုင် – ရန်ကုန်ခရီးစဉ်အတွက် အမှတ် (၈၂) အစုန် ရထားအား မော်လမြိုင်ဘူတာကြီးမှ နံနက် (၇) နာရီ (၃၀) မိနစ်အချိန်တွင် ထွက်ခွာပြေးဆွဲနေကြောင်း သိရသည်။

**Source: https://www.npnewsmm.com/news**

## တရုတ်သို့ ပဲတီစိမ်းတင်ပို့ရာ၌ (၅)နှစ်အတွင်း သန်း(၂၁၀)ကျော် ဆုံးရှုံးခဲ့သည့် အကြောင်းအရင်းရှိခဲ့



တရုတ်သို့ ပဲတီစိမ်းတင်ပို့ရာတွင် ပိုးသတ်ဆေး အလွန်အကျွံသုံးမှုကြောင့် ငါးနှစ်အတွင်း သန်း (၂၁၀)ကျော် ဆုံးရှုံးခဲ့ကြောင်း ပြည်ပသို့ လယ်ယာ သားငါးထွက်ကုန် တင်ပို့သူများထံမှ သိရသည်။

ပြီးခဲ့သည့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်က ပဲတီစိမ်းကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်အပါအဝင် တန်ချိန် စုစုပေါင်း (၆,၇၃,၁၁၁)တန် တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ (၅,၂၅,၄၀၂)သန်းရရှိခဲ့ပြီး (၂၀၂၁-၂၀၂၂) (Mini Budget) ဘဏ္ဍာနှစ်က တန်ချိန် (၃,၈၃,၇၂၂)တန် တင်ပို့နိုင်ခဲ့၍ အမေရိကန်ဒေါ်လာ (၂၉၆,၅၄၄)သန်းရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် (၂၀၂၂- ၂၀၂၃)ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းကို (၆,၉၁,၃၉၉)တန်ချိန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၄,၈၉,၀၈၉) သန်းရရှိခဲ့ကာ (၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ်က ပဲတီစိမ်းတန်ချိန် (၅,၀၃,၉၇၁)တန် တင်ပို့ခဲ့ရာ ဒေါ်လာ (၃,၃၆,၈၉၄)သန်း ရရှိခဲ့ကြောင်းသိရသည်။ အလားတူ (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် (၆,၀၀,၆၃၃) တန် တင်ပို့ခဲ့ရာ ဒေါ်လာ (၄,၂၅,၇၄၇) သန်းရရှိခဲ့ပြီး (၂၀၂၅-၂၀၂၆)ဘဏ္ဍာနှစ်တွင် ပဲတီစိမ်း(၃၅,၅၂,၂၅၆)တန် တင်ပို့ခဲ့၍ အမေရိကန်ဒေါ်လာ (၃,၁၅,၃၇၅) ရရှိခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ပြီးခဲ့သည့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်နှင့် (၂၀၂၅-၂၀၂၆)ဘဏ္ဍာနှစ်နှိုင်းယှဉ်ပါက အမေရိ (၂,၁၀,၀၂၇)သန်း လျော့နည်းခဲ့ကြောင်းသိရသည်။ "အခုက တောင်သူတွေက ပိုးသတ်ဆေးတွေ အရမ်းသုံးလာတယ်။ အဲဒါကြောင့် GACC က လက် မခံဘူးလေ။ သန်း (၂၀၀)လောက် ဆုံးရှုံးသွားတယ်။ တောင်သူတွေနစ်နာတာပေါ့"ဟု ပြည်ပသို့ လယ်ယာသားငါးထွက်ကုန်တင်ပို့သူတစ်ဦးက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှတင်ပို့လာသော ပဲတီစိမ်းများတွင် Clothianidin ကြွင်းကျန်မှုနှုန်းထား သတ်မှတ်ချက်များ ကျော်လွန်များပြားသည်ကို အကြိမ်ကြိမ်စစ်ဆေးတွေ့ရှိခဲ့ရကြောင်း တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) မှ အသိပေးထားသည်။ ထို့ကြောင့် ပဲတီစိမ်းများတင်ပို့မှုနှင့်စပ်လျဉ်း၍ ဇွန် (၅)ရက်တွင် သတ်မှတ်ချက် များကို ထပ်မံချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတ်မှတ်ချက်များတွင် (ဇွန်လ ၁၅ ရက်)မှ စတင်တင်ပို့သည့် ပဲတီစိမ်းအသုတ်တိုင်းကို Clothianidin နှင့် Thiamethoxam ပိုးသတ်ဆေးဓာတ်ကြွင်းကျန်မှုနှုန်းထား စစ်ဆေးပေးရန်နှင့် လစဉ် (၁၅) ရက်မတိုင်မီ စစ်ဆေးခဲ့သည့် အပင်ကျန်းမာရေးသက်သေခံလက်မှတ် (Phytosanitary Certific- ate) ၏ အမှတ်စဉ်၊ ကုန်ပစ္စည်း အလေးချိန်၊ စစ်ဆေးမှု ရလဒ်၊ ဓာတ်ခွဲခန်းအမည် စသည့်အချက်အလက်များကို ဇယားပုံစံဖြင့်ဖြည့်စွက်၍ လစဉ်လတိုင်း GACC ဘက်သို့ ပေးပို့ရန် ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တရုတ်နိုင်ငံသို့တင်ပို့သည့် ပဲတီစိမ်းအသုတ်တိုင်းကို Clothianidin နှင့် Thiameth- oxam ပိုးသတ်ဆေး ဓာတ်ကြွင်းစစ်ဆေးခြင်းကို မပျက်မကွက်ဆောင်ရွက်ရမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ဓာတ်ကြွင်းသတ်မှတ်ချက် (MAL < 0.02) ထက်မကျော်လွန်မှသာ PC (Phyto-Certificate) ထုတ်ပေးမည်ဖြစ်ကြောင်း GACC မှ အသိပေးထားသည်။

**Source: https://www.npnewsmm.com/news**

## အယ်နီညို(El Niño)၏ရိုက်ခတ်မှုကြောင့် အိန္ဒိယတွင် ခရစ်ဖ်(Kharif) မိုးရာသီ သီးနှံစိုက်ပျိုးမှု နှောင့်နှေးကြန့်ကြာနေ

အိန္ဒိယနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပွားမှုကြောင့် မိုးရွာသွန်းမှုအပေါ် စိုးရိမ်ပူပန်မှုများမြင့်တက်နေပြီး ယခုနှစ် ခရစ်ဖ်မိုးရာသီသီးနှံစိုက်ပျိုးမှုမှာ စတင်ကတည်းက ပုံမှန်ထက် နှေးကွေးနေကြောင်းသိရသည်။ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားသက်သာ ချောင်ချိရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် ဇွန်လ ၅ ရက်နေ့အထိ တောင်သူများ စိုက်ပျိုးပြီးစီးသည့် မြေဧရိယာမှာ ဟက်တာ ၇ ဒသမ ၂၅ သန်းရှိပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဟက်တာ ၂ သိန်းခန့် လျော့နည်းနေကြောင်းသိရသည်။ အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲမှုအဖွဲ့က ဇွန်လ ၁၁ ရက်နေ့တွင် အယ်လ်နီညိုဖြစ်စဉ်စတင်နေပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ခြင်းကြောင့် စိုက်ပျိုးရေးအတွက် အရေးပါသည့် အနောက်တောင်မုတ်သုံလေ စောစီးစွာဝင်ရောက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်ဟု သုံးသပ်နေကြောင်းသိရသည်။

အိန္ဒိယမိုးလေဝသဌာန၏ မေလ ၂၉ ရက်ထုတ် ရေရှည်ခန့်မှန်းချက်တွင်လည်း ယခုနှစ်မိုးရေချိန်သည် ရေရှည်ပျမ်းမျှ မိုးရေချိန်၏ ၉၀ ရာခိုင်နှုန်းသာရှိနိုင်ပြီး မိုးခေါင်ရေရှားဖြစ်နိုင်ခြေ ၆၀ ရာခိုင်နှုန်းအထိရှိကြောင်း သတိပေးထားသည်။ လက်ရှိတွင် မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ အပတ်စဉ်မိုးရေချိန်မှာ ပျမ်းမျှအောက် ၁၀ ရာခိုင်နှုန်းလျော့နည်းခဲ့သဖြင့် တောင်သူများအတွက် လိုအပ်သော ရေပမာဏမရရှိသေးကြောင်းသိရသည်။ အဆိုပါအခြေအနေကြောင့် ဝန်ကြီးဌာနက အယ်လ်နီညိုဒဏ်ခံရနိုင်ခြေရှိသည့် ခရိုင်ပေါင်း ၂၀၀ ခန့်ကို အနီရောင်အဆင့်သတ်မှတ်ကာ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယ၏အဓိကမိုးရာသီသီးနှံဖြစ်သော စပါးကို လက်ရှိတွင် ဟက်တာ ၂၈၅,၀၀၀ စိုက်ပျိုးပြီးစီးထားသဖြင့် ယမန်နှစ် ကာလတူ (ဟက်တာ ၂၆၅,၀၀၀)ထက် အနည်းငယ်ပိုမိုနေသော်လည်း ၎င်းမှာ စိုက်ပျိုးရာသီ ၏အစောပိုင်းအဆင့်သာ ရှိသေးသည်။ ပုံမှန်အားဖြင့် စပါးစိုက်ဧရိယာမှာ ဟက်တာ ၄၁၂,၀၀၀ ခန့်ရှိတတ်သဖြင့် နောက်ထပ်စိုက်ပျိုးနိုင်ရန်မှာ မုတ်သုံမိုးရွာသွန်းမှုအခြေအနေအပေါ်တွင်သာ လုံးဝမူတည်နေကြောင်းသိရသည်။ ထို့အတူ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းဖူးနှင့် ဝါဂွမ်းစသည့် အခြားအဓိကသီးနှံများစိုက်ပျိုးမှုမှာလည်း မုတ်သုံလေအားကောင်းလာမှုကိုစောင့်ဆိုင်းနေရသဖြင့် စိုက်ပျိုးမှု ကြန့်ကြာနေကြောင်း သိရသည်။

ထို့ပြင် ဂြိုဟ်တုမှတစ်ဆင့် တိုင်းတာရရှိသော မြေဆီလွှာအစိုဓာတ်အချက်အလက်များအရ ဒေသအများအပြားတွင် အစိုဓာတ်နည်းပါးမှုဒဏ်ကို စတင်ခံစားနေရပြီဖြစ်ကြောင်းသိရသည်။ အိန္ဒိယ နိုင်ငံစိုက်ပျိုးမြေစုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းခန့်မှာ မိုးရေကိုသာ အားထားနေရသဖြင့် မိုးနောက်ကျခြင်း သို့မဟုတ် မိုးမမှန်ခြင်းတို့သည် စိုက်ပျိုးမည့်သီးနှံပုံစံနှင့် အပင်အသွောက်ပေါက်ကြီးထွားမှုကို ချက်ချင်းသက်ရောက်မှုရှိစေသည်။

လက်ရှိစိုက်ပျိုးပြီးစီးမှုဟက်တာ ၇ ဒသမ ၂၅ သန်းအနက် ဟက်တာ ၅ ဒသမ ၄ သန်းမှာ ကြံစိုက်ခင်းများဖြစ်ပြီး အစောပိုင်း စိုက်ပျိုးမှု၏ အဓိကပမာဏဖြစ်သည်။ ပဲမျိုးစုံစိုက်ပျိုးမှုတွင် ယမန်နှစ်က ဟက်တာ ၃၅,၀၀၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၅၂,၀၀၀ အထိတိုးတက်လာသည်။ အထူးသဖြင့် စားသုံးမှုအများဆုံးဖြစ်သည့် ပဲစင်းငုံနှင့်မတ်ပဲစိုက်ပျိုးမှုမှာ ယမန်နှစ်ထက် အနည်းငယ်ပိုမိုများပြားလာသော်လည်း ပဲတီစိမ်းစိုက်ပျိုးမှုကမူ ယမန်နှစ်အောက် အနည်းငယ်လျော့နည်းနေကြောင်း သိရသည်။ ပြောင်းဖူးစိုက်ပျိုးမှုသည်လည်း ဟက်တာ ၃၈,၀၀၀ အထိရောက်ရှိလာသဖြင့် ယမန်နှစ်ထက် တိုးတက်လာ သော်လည်း ဆီထွက်သီးနှံစိုက်ပျိုးမှုမှာမူ ဟက်တာ ၁၀,၀၀၀ ခန့်လျော့နည်းသွားသည်။ သို့သော် ၎င်းသီးနှံများသည်

မိုးရေကိုသာအားကိုးရသည့် ဒေသများတွင် စိုက်ပျိုးခြင်းဖြစ်၍ မိုးခေါင်ပါက စိုက်ပျိုးထွက်ရှိမှုကို ထိခိုက်နိုင်ကြောင်း သိရသည်။ ယခုရာသီတွင် အဆိုးရွားဆုံးကျဆင်းသွားသည့် သီးနှံမှာ ဂွမ်း(ဝါဂွမ်း)ဖြစ် သည်။ ယမန်နှစ်က ဇွန်လအစောပိုင်းတွင် ဟက်တာ ၉၇၂,၀၀၀ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဟက်တာ ၇၅၁,၀၀၀ သာစိုက်ပျိုးနိုင်သေးသဖြင့် ဟက်တာ ၂ သိန်းကျော်အထိ သိသိသာသာလျော့ကျသွားကြောင်း သိရသည်။

လက်ရှိ အိန္ဒိယအစိုးရဌာနများမှ ထုတ်ပြန်ထားသော စိုက်ပျိုးမှုစာရင်းများဖြင့် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမှုကိုတိုင်းတာရန် အချိန်စောလွန်းလျက်ရှိသေးသော်လည်း အယ်လ်နီညိုဖြစ်စဉ်၊ မိုးဦးကျမိုးနည်းပါးမှုနှင့် မြေဆီလွှာအစိုဓာတ်ခန်းခြောက်မှု သုံးခုပေါင်းဆုံနေခြင်းကြောင့် လာမည့်သီတင်းပတ်အနည်းငယ်သည် အိန္ဒိယစိုက်ပျိုးရေးကဏ္ဍအတွက် အလွန်အရေးကြီးသော အလှည့်အပြောင်းကာလဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**Source: DowntoEarth: Marine heatwaves are rewriting India's bluefood systems. It is time fisheries governance did too**

**(ဖြူသဲနှယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (23.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,583 (Shares) | 228,680,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,000 | -500 | -3.03% | 16,500 | 17,000 | 16,000 | 389 | 6,337,000 | 33,109,694 | 529,755 |
| MTSH | 00002 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,800 | 5,504 | 48,833,600 | 38,929,150 | 342,577 |
| MCB | 00003 | 12,500 | +0 | +0.00% | 12,500 | 12,500 | 12,500 | 0 | 0 | 10,400,986 | 130,012 |
| FPB | 00004 | 7,300 | -100 | -1.35% | 7,400 | 7,400 | 7,300 | 1,154 | 8,474,700 | 31,144,738 | 227,357 |
| TMH | 00005 | 3,600 | -50 | -1.37% | 3,600 | 3,600 | 3,600 | 460 | 1,656,000 | 12,823,224 | 46,164 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,950 | 2,050 | 1,950 | 3,003 | 5,955,650 | 19,977,223 | 39,955 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 1,258 | 5,032,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +0 | +0.00% | 6,300 | 6,300 | 6,100 | 1,287 | 7,884,200 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 792.37 | -12.23 | -1.52% | 807.11 | 814.77 | 792.37 | 13,055 | 84,173,150 | 8 | 1,503,020 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Jun. 2026

| Trading Volume | Trading Value |
|---|---|
| 32,717 (Shares) | 237,304,250 (MMK) |

### Main Board

As of 1:00 pm, 23rd Jun. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,583 (Shares) | 228,680,350 (MMK) |

| MYANPIX | 792.37<br>▼ 12.23 |
|---|---|
| Total Volume (shares) | 13,055 |
| Total Value (MMK) | 84 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,503,020 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,000 | ▼ 500 |
| MTSH | 00002 | 8,800 | ▼ 100 |
| MCB | 00003 | 12,500 | ▲ 0 |
| FPB | 00004 | 7,300 | ▼ 100 |
| TMH | 00005 | 3,600 | ▼ 50 |
| EFR | 00006 | 2,000 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 6,100 | ▲ 0 |

TIR